## ကြီးကြပ်ရေးမှူးနှင့် ဒင်းဗားပညာရေးဘုတ်အဖွဲ့မှ ပေးစာ

ချစ်ခင်ရပါသော မိသားစုများရှင့်...
လူကြီးမင်းတို့သိရှိထားကြသည့်အတိုင်း ဆရာ/မ သမဂ္ဂအသင်းနှင့် လွန်ခဲ့သော 15 လ တာကာလတစ်လျှောက်လုံး သဘောတူညီမှုတစ်ခုရရှိရန် ကျွန်မတို့ ကြိုးစားလုပ်ဆောင်လျက်ရှိပါသည်။ သပိတ်မှောက်ရန်ပေးခဲ့သည့် မဲကြောင့် ကျွန်မတို့ စိတ်ပျက်ခဲ့ရပြီး ဤအခြင်းအရာမှာ ကျွန်မတို့၏ ကလေးငယ်များ၊ မိသားစုများနှင့် ရပ်ရွာအသိုက်အဝန်းအပေါ် ထိခိုက်မှုဖြစ်စေမည်ကို စိုးရိမ်နေပါသည်။ သို့သော်လည်း ကျွန်မတို့အနေနှင့် သပိတ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အလားအလာများအတွက် ကြိုတင်ပြင်ဆင်ထားပြီး ကျွန်မတို့ကျောင်းများသည် ကျောင်းသူ/သားများအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် သင်ကြားရေးနေရာများအဖြစ် ဆက်လက်ရှိနေစေရန် အလေးထားဆောင်ရွက်သွားမည် ဖြစ်သည်။

ကျွန်မတို့၏ မိသားစုများအတွက် အရေးကြီးသည့် အချက်အလက်များကို ပံ့ပိုးပေးရန်နှင့် မေးခွန်းများကို ဖြေကြားပေးရန်အတွက် ဤလမ်းညွှန်ကို ပြုလုပ်ခဲ့ပါသည်။ DPS အနေနှင့် ကျွန်မတို့၏ကျောင်းများ ဆက်လက်ဖွင့်လှစ်ပြီး၊ ကျောင်းအစားအစာများ ပံ့ပိုးပေးခြင်းနှင့် ကြိုပို့ယာဉ်များ သတ်မှတ်ချိန်အတိုင်း ပြေးဆွဲနိုင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။

သင့်မှာ အခြားမေးမြန်းစရာများရှိပါက DPS မိသားစုကူညီပေးရေး ဖုန်းလိုင်း 720-423-3054 သို့ တနင်္လာနေ့မှ သောကြာနေ့ အထိ နံနက် 7:30 နာရီမှ ညနေ 5:30 နာရီအတွင်း ခေါ်ဆိုပြီး မိသားစုနှင့် ရပ်ရွာအသိုက်အဝန်းအဖွဲ့ဝင်တစ်ဦးထံ ဆက်သွယ်မေးမြန်းပါရန် တိုက်တွန်းလိုက်ပါသည်။ လိုအပ်ပါက ၎င်းတို့မှ သင်နှစ်သက်ရာဘာသာစကားဖြင့် ဆက်သွယ်ပေးနိုင်ပါသည်။

ကျေးဇူးပြု၍ ပုံမှန်နောက်ဆုံးရအချက်အလက်များကို ကျွန်မတို့၏ ခရိုင်ဝက်ဘ်ဆိုဒ် teacherstrike.dpsk12.org ၊ Facebook နှင့် Twitter တို့တွင် ရှာဖွေပါ။

ဤသို့ ခက်ခဲသည့်အချိန်မျိုးတွင် ကျွန်မတို့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

ခင်မင်စွာဖြင့် -

**Susana Cordova**
**ကြီးကြပ်ရေးမှူး**

Anne Rowe
ကျောင်းခရိုင် 1
ဘုတ်အဖွဲ့ ဥက္ကဌ

Barbara O'Brien
အထွေထွေ
ဒုဥက္ကဌ

Lisa Flores
ခရိုင် 5
ဘဏ္ဍာထိန်း

Carrie A. Olson, PhD
ခရိုင် 3
အတွင်းရေးမှူး

Allegra "Happy" Haynes
အထွေထွေ

Jennifer Bacon
ခရိုင် 4

Angela Cobián
ကျောင်းခရိုင် 2

## အမေးများသော မေးခွန်းများ

**သပိတ်မှောက်ခြင်းဆိုသည်မှာ အဘယ်နည်း။**

သပိတ်မှောက်ခြင်းဆိုသည်မှာ အလုပ်သမားသမဂ္ဂတစ်ခုမှ အဖွဲ့ဝင်များသည် ဆန္ဒပြသည့်ပုံစံဖြင့် အလုပ်လုပ်ရန် ငြင်းဆိုခြင်းဖြစ်ပြီး အများအားဖြင့် ၎င်းတို့၏ တောင်းဆိုချက်များအား အလုပ်ရှင်မှ လိုက်လျောလာစေရန် ဖိအားပေးခြင်းဖြစ်သည်။ DPS နှင့် ဒေသတွင်းဆရာများ သမဂ္ဂအဖွဲ့ — ဒင်းဗား အတန်းပြ ဆရာ/မများအဖွဲ့ (DCTA) — သည် အတန်းပြဆရာ/မများ၊ အထူးဝန်ဆောင်မှုပံ့ပိုးသူများ (ကျောင်းအတိုင်ပင်ခံ ပုဂ္ဂိုလ်များ၊ စိတ်ပညာရှင်များ၊ သူနာပြုများ သို့မဟုတ် စကားပြော ဘာသာဗေဒပညာရှင်များ) နှင့် ခရိုင်များကြား လုပ်ငန်းသဘောတူစာချုပ်များဆိုင်ရာ သတ်မှတ်ချက်များကို ပုံမှန် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။

2018 ခုနှစ်မှစတင်၍ DPS နှင့် DCTA တို့သည် အနွမ်းပါးဆုံး ကျောင်းများ သို့မဟုတ် ဝန်ထမ်းမပြည့်သည့် ရာထူးများတွင် တာဝန်ဆောင်နေသည့် ဆရာ/မများကို အပိုဆုလာဘ်များ ချီးမြှင့်ပေးသည့် ဆုပေးစနစ် ProComp သဘောတူစာချုပ်ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ နှစ်ဖွဲ့စလုံးမှ သဘောတူညီမှုတစ်ခုရရန် ကြိုးစားလုပ်ကိုင်ခဲ့သော်လည်း သမဂ္ဂအဖွဲ့ဝင်များမှ အဆိုပြုသည့်စာချုပ်ကို လက်မခံဘဲ ယင်းအစား သပိတ်မှောက်မည်ဟု မဲပေးခဲ့ပါသည်။ ဆိုလိုသည်မှာ ပညာရှင်အချို့သည် DPS နှင့် သဘောတူညီမှုတစ်ခုရရှိသည့်အချိန်အထိ အလုပ်မလုပ်ဘဲ ဆန္ဒပြနေမည်ဖြစ်သည်။ ၎င်းတို့သပိတ်မှောက်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် သမဂ္ဂအဖွဲ့ဝင်များသည် ကျောင်းအဆောက်အအုံများပြင်ပတွင် ရပ်လျှက်ဆန္ဒပြရန် သို့မဟုတ် ကန့်ကွက်ရန် စုရုံးသွားမည်ဖြစ်သည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် ထပ်လောင်းလုံခြုံရေး အသင့်ရှိနေမည်ဖြစ်သည်။

**သပိတ်မှောက်ခြင်းဖြစ်ပေါ်ပါက ကျောင်းသူ/သားများ ကျောင်းတက်သင့်ပါသလား။**

တက်သင့်ပါသည်။ ကျွန်ုပ်တို့၏ကျောင်းများအားလုံးကို ပုံမှန်အချိန်အတိုင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ ကျောင်းသူ/သားများအနေဖြင့် ပုံမှန်အတိုင်း ကျောင်းတက်သင့်သည်။

**ကျွန်ုပ်၏ကျောင်းသားကို ကျောင်းတက်ခိုင်းလျှင် လုံခြုံမှု ရှိပါသလား။**

ရှိပါသည်။ ကျောင်းတက်ချိန်အတွင်း ကျောင်းသူ/သားများ လုံခြုံမှုရှိအောင် ကျောင်းဝန်းတစ်ခုစီတွင် DPS ဝန်ထမ်းများ ရှိနေမည်ဖြစ်သည်။ ဆန္ဒပြသည့် သို့မဟုတ် ရပ်လျှက်ဆန္ဒပြနေသည့် ဖြစ်စဉ်အတွင်း ကျောင်းဆောင်များအား ဆက်လက်ဖွင့်လှစ်ထားနိုင်စေရန် DPS လုံခြုံရေးအဖွဲ့ဝင်များသည် ကျောင်းခေါင်းဆောင်များနှင့်အတူ ဆောင်ရွက်လျက်ရှိပါသည်။

**ကျွန်ုပ်ကျောင်း၏ အချိန်ဇယားများ ပြောင်းလဲပါမည်လား။**

မပြောင်းလဲပါ။ စူးစမ်းရှာဖွေရေးလင့်ခ်နှင့် ၎င်း၏ဉာဏ်ရည်မြင့် အစီအစဉ်မှတစ်ဆင့် ကျောင်းချိန်မတိုင်မီနှင့် ကျောင်းဆင်းချိန် စောင့်ရှောက်မှုအပါအဝင် — ကျောင်းတက်ချိန်များ ယခင်အတိုင်း ရှိနေမည်ဖြစ်သည်။ ကျောင်းအစားအသောက်များနှင့် ကျောင်းကြိုပို့ဝန်ဆောင်မှုများမှာလည်း ပုံမှန်အချိန်ဇယား များအတိုင်း ရရှိမည်ဖြစ်သည်။

**သပိတ်မှောက်နေချိန်အတွင်း ကျောင်းသားများအား ပညာသင်ကြားပို့ချပေးမည်လား။**

ပို့ချပေးပါမည်။ အသိအမှတ်ပြု လက်မှတ်ရ ဧည့်ဆရာ/မများနှင့် ပြန်လည်တာဝန်ပေးအပ်ထားသည့် ကြီးကြပ်သူများအပါအဝင် အရည်အသွေး ပြည့်မီသော DPS ဝန်ထမ်းများသည် သပိတ်မှောက်နေစဉ်အတွင်း ကျောင်းများ၌ သင်ကြားပို့ချပေးလျှက် ရှိနေမည်ဖြစ်သည်။ ဧည့်ဆရာ/မများမှ ကျောင်းသူ/သားများကို အရည်အသွေး မြင့်မားသော သင်ခန်းစာများ သင်ကြားပေးနိုင်ရန်အတွက် ကျွန်ုပ်တို့မှာ အတန်းနှင့် ဘာသာရပ်ဆိုင်ရာ သီးသန့်သင်ခန်းစာ အစီအစဉ်များ ထားရှိသွားမည်။
ကျောင်းသား-ဆရာအချိုး သို့မဟုတ် သင်ရိုးညွှန်တမ်း တစ်သမတ်တည်းဖြစ်ခြင်းကဲ့သို့ သီးခြားစိုးရိမ်မှုများအတွက် မေးမြန်းလိုသည်ရှိပါက ကျေးဇူးပြု၍ အချက်အလက်များပိုမိုသိရှိနိုင်ရန် သင့်ကျောင်းသို့ ဆက်သွယ်မေးမြန်းပါ။

**ကျောင်းများမှ အစားအသောက်များ ဆက်လက် ကျွေးမွေးပါမည်လား။**
ကျွေးမွေးသွားပါမည်။ သင့်ကျောင်း၏ အစားအသောက်ဝန်ဆောင်မှုမှ ပုံမှန်အတိုင်း အစားအစာများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်သည်။

**သပိတ်မှောက်နေချိန်အတွင်း ကျောင်းကားများ ဆက်လက်ပြေးဆွဲသွားပါမည်လား။**
ပြေးဆွဲသွားပါမည်။ ကြိုပို့ဝန်ဆောင်မှုများ ပြောင်းလဲမည် မဟုတ်ဘဲ စီစဉ်ထားသည့်အချိန်အတိုင်း ကျောင်းသူ/သားများကို ဆက်လက်ကြိုပို့ပေး သွားမည်ဖြစ်သည်။

**သပိတ်မှောက်ချိန်အတွင်း အားကစားနှင့် အခြား ကျောင်းချိန်မတိုင်မီနှင့် ကျောင်းဆင်းချိန် လှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်ပါမည်လား။**
ကျောင်းတစ်ခုနှင့်တစ်ခု မတူညီနိုင်သည့်အတွက် ပိုမိုသိရှိနိုင်ရန် သင့်ကျောင်းသို့ ဆက်သွယ်ပါ။

**ကျွန်ုပ်ကလေးသည် ကျောင်းတွင် အထူးလိုအပ်ချက်များ ရှိနေလျှင် သို့မဟုတ် အထူးဝန်ဆောင်မှုများ ရရှိနေသူဖြစ်လျှင် မည်သို့ဖြစ်လာနိုင်သနည်း။**
ကျွန်ုပ်တို့သည် သပိတ်မှောက်နေစဉ်အတွင်း ဝန်ထမ်းရေးရာ စီစဉ်မှုများ ပြုလုပ်နေသကဲ့သို့ အထူးလိုအပ်ချက်ရှိသော ကျွန်ုပ်တို့၏ ကျောင်းသူ/သားများ အတွက်လည်း ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါသည်။ အကယ်၍ သင့်ကလေးတွင် တစ်ဦးချင်းပညာရေးအစီအစဉ် (IEP)၊ 504 အစီအစဉ် သို့မဟုတ် အခြားအထူးလိုအပ်ချက်များ ရှိနေပါက ပံ့ပိုးပေးထားသည့် ဝန်ဆောင်မှုများကို ဆွေးနွေးရန် သင့်ကျောင်းမှ သင့်ဆီ ဆက်သွယ်သွားမည်ဖြစ်သည်။

## သပိတ်မှောက်ခြင်းအတွက် ကြိုတင်စီစဉ်နည်း

**သင်၏အချက်အလက်ကို မွမ်းမံပေးပါ**
သင့်ကျောင်းမှ သင့်အား မျှော်လင့်မထားသည့်ပြောင်းလဲမှုများကို အကြောင်းကြားနိုင်ရန်အတွက် Parent Portal တွင် ဝင်ရောက်ခြင်း သို့မဟုတ် သင့်ကျောင်း၏ စုံစမ်းရေးရုံးခန်း သို့ ဆက်သွယ်ခြင်းစသည့် တစ်နည်းနည်းဖြင့် သင်၏ဆက်သွယ်ရေး အချက်အလက်များမှာ လက်ရှိအချက်အလက်များ ဖြစ်နေစေရန် စစ်ဆေးပါ။ သင့်ကျောင်းမှ မိဘများ၊ အုပ်ထိန်းသူများနှင့် အခြားအရေးပေါ် ဆက်သွယ်ရမည့်သူများအတွက် လက်ရှိ ဖုန်းနံပါတ်များ၊ အီးမေးလ်များနှင့် အိမ်လိပ်စာများ လိုအပ်မည်ဖြစ်သည်။ **ထို့အပြင် သင့်ကျောင်းတွင် သင့်ကလေး၏ လက်ရှိအသုံးပြုနေသည့် ဆေးဝါးစာရင်းတစ်ခုလည်း ရှိနေပါစေ။**

**သတင်းအမြဲရရှိနေပါစေ**
DPS အနေဖြင့် နောက်ဆုံးရ ခရိုင်တစ်ခုလုံးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ် teacherstrike.dpsk12.org တွင် တင်ပေးသွားမည့်အပြင် မိသားစုများထံ လူမှုမီဒီယာ၊ အီးမေးလ်နှင့် အသံသွင်းထားသော ဖုန်းမက်ဆေ့ချ်များဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်သည်။  သင့်မိသားစုအတွက် အတိကျဆုံးအချက်အလက်များ ရရှိရန် သင့်ကျောင်းမှ ဆက်သွယ်မှုများကို အလေးအနက်ထားရန် တိုက်တွန်းလိုက်ပါသည်။

**ထိတွေ့ပါဝင်ပါ**
သင့်အနေဖြင့် သင့်ကျောင်းရှိ စာသင်ခန်းတွင် သို့မဟုတ် အားကစားကွင်းတွင် စေတနာ့ဝန်ထမ်းအဖြစ် ကူညီပေးနိုင်ပါသည်။ ပိုမိုသိရှိလိုသည်များရှိပါက သင့်ကျောင်း၏ စုံစမ်းရေးရုံးခန်း သို့မဟုတ် မိသားစု ကူညီပေးရေးဖုန်းလိုင်း 720-423-3054 သို့ ဆက်သွယ်နိုင်ပါသည်။

## သပိတ်မှောက်ခြင်းအကြောင်းကို သင့်ကလေးများအား ပြောဆိုနည်း

ဆရာ/မများ သပိတ်မှောက်လျှင် ၎င်းအဖြစ်အပျက်သည် ကလေးများအတွက် စိတ်ရှုပ်ထွေးစရာ ဖြစ်လာနိုင်သည့်အတွက် ဖြစ်ပျက်နေသည်များကို ၎င်းတို့အား အချိန်ယူပြီး ရှင်းပြပါ။ ဤအရေးပါသည့် အကြောင်းကို သင်ပြောဆိုရာ၌ ကူညီပေးနိုင်ရန် အချက်အလက်အနည်းငယ် စုစည်းပေးထားပါသည်။ ကလေးငယ်များမှာ စိတ်ရှုပ်ထွေးမှု သို့မဟုတ် စိုးရိမ်မှုများ ရှိနိုင်ပါသည်။ ၎င်းတို့နှင့် သေချာပေါက်ပြောဆိုပြီး ၎င်းတို့၏စိုးရိမ်မှုများကို နားထောင်ပါ။

သပိတ်မှောက်ခြင်းဆိုသည်မှာ ဘာလဲ (စာမျက်နှာ 2 တွင် ကြည့်ပါ)၊ ယင်းသည် တခဏသာဖြစ်ကြောင်းနှင့် ၎င်းတို့၏ဆရာ/မများသည် သပိတ်မှောက်ခြင်းပြီးသည်နှင့် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ရှင်းပြပါ။

သင့်ကလေးများကို ကျောင်းစာကို ဆက်လက်အာရုံစိုက်ရန် အားပေးပါ။

**မူလတန်းအဆင့် အကြံပေးစကားများ -**
အသက်အရွယ်ငယ်သော ကလေးငယ်များနှင့် ပြောဆိုသည့်အခါ ရိုးရိုးရှင်းရှင်းလေး ပြောပေးပါ။ သင့်ကလေးငယ်များအား ၎င်းတို့မည်သည့်အမှားမှ မလုပ်ခဲ့ကြောင်းနှင့် တစ်ခါတစ်ရံတွင် လူကြီးများ သဘောတူညီမှုမရှိသည့်အခါ ၎င်းတို့အချင်းအချင်း ပြဿနာများကို အတူတကွဖြေရှင်းရန် လိုအပ်ကြောင်း အခိုင်အမာပြောပြပါ။

**အလယ်တန်းအဆင့် အကြံပေးစကားများ -**
DCTA နှင့် ကျောင်းခရိုင်ဟူ၍ နှစ်ဖက်ရှိကြောင်း ရှင်းပြပါ - ၎င်းတို့နှစ်ဖက်စလုံးသည် အားလုံးအတွက် တရားမျှတသည့် သဘောတူညီမှုတစ်ခု ရရှိရန် ကြိုးစားဆောင်ရွက်နေကြသည်။ သပိတ်မှောက်ခြင်းတွင် ပါဝင်သည့်အကြောင်းအရာများနှင့် ပတ်သက်၍ စကားပြောဆိုရာတွင် သင့်ကလေးနားလည်သဘောပေါက်စေရန် ယင်းအခြေအနေကို အသုံးပြုပါ။

## အထောက်အကူပြုနိုင်သည့် ရင်းမြစ်များ

**မိသားစုကူညီပေးရေး ဖုန်းလိုင်း**
- 720-423-3054
- တနင်္လာနေ့မှ သောကြာနေ့အထိ၊ နံနက် 8 နာရီမှ ညနေ 4:30 နာရီ

**အွန်လိုင်းရင်းမြစ်များ**
- www.dpsk12.org
- Facebook
- Twitter